ချောင်းဝကျေးရွာ

ကော့သောင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ချောင်းဝကျေးရွာ၊ ကော့သောင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

## မာတိကာ

**စကားချီး**

**ချောင်းဝကျေးရွာ သယံဇာတပြမြေပုံ၊ ကော့သောင်းမြို့နယ်**

**အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထု အများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပြီး အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ချောင်းဝကျေးရွာ
ကော့သောင်းမြို့နယ်

ချောင်းဝကျေးရွာ သယံဇာတပြမြေပုံ၊ ကော့သောင်းမြို့နယ်



## အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက်အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့်နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ကော့သောင်းမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ဘုတ်ပြင်းမြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့တို့နှင့် ထိစပ်လျှက်ရှိပြီး ရန်ကုန်-ကော့သောင်းကားလမ်း ဖြင့် ဆက်သွယ်ထားပါသည်။

ကော့သောင်းမြို့နယ်သည်(၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း(၇)လခန့်ရှိပြီး ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှအပူချိန်မှာ အမြင့်ဆုံးအပူချိန် (၉၉.၆) °F နှင့် အနိမ့်ဆုံးအပူချိန်(၇၆.၃) °F တွင်ရှိပါသည်။

ချောင်းဝကျေးရွာသည် ပထဝီဝင်အနေအထားအရ ပင်လယ်ကမ်းရိုးတန်းကျေးရွာ တစ်ရွာဖြစ်ပြီး (၇)မိုင်ချောင်းမကြီး နှင့် (၈)မိုင်ချောင်းမကြီးနှစ်ခုအကြားတွင် တည်ရှိခြင်းကြောင့် ရွာ၏ပတ်ဝန်းကျင်တွင် ဒီရေတောများဝန်းရံနေပါသည်။ ရွှေပြည်စိုးကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှာ သောင်ဖြူ၊ ချောင်းစလန်း၊ (၈)မိုင်၊ ငါးအိမ်စု၊ ရွှေပြည်စိုးကျေးရွာတို့ဖြစ်ပါသည်။ ကော့သောင်းမြို့မှ (၇)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်ပင် သွားရောက်ကြပြီး ကူးသန်းသွာလာရေးနှင့်ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ပါသည်။ ပင်လယ်ကမ်းရိုးတန်းကျေးရွာဖြစ်၍ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည်။ အုန်း၊ ခရူ၊ မိုးစပါး၊ နွေစပါး အဓိက စိုက်ပျိုးကြပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ယာမြေ(၉၇)ဧကရှိပြီး မြေဆီဩဇာ ပျက်စီးနေပါသည်။ မိုးရေတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးရခြင်းဖြစ်ပြီး ရေငံများဝင်ရောက်မှုများရှိသဖြင့် မြေဆီလွှာများပျက်စီးရခြင်းဖြစ်ပါသည်။ မြေအောက်ရေအသုံးပြုမှုမရှိပေ။ ယခင်က ချောင်းဝကျေးရွာအနီးတစ်ဝိုက်တွင် ကျယ်ဝန်းပြီးမြင့်မားသော သဲကုန်းမြေများရှိပါသည်။ သို့သော် ယခုအချိန်တွင် ချိုင့်ဝှမ်းကြီးများသာ ကျန်ရှိနေပြီး သဲကုန်းမြေများ မရှိသလောက်ဖြစ်ပေါ်နေပါသည်။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ချောင်းဝကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် (၁) မြစိမ်းရောင် စီမံကိန်း၊ (၂) အုပ်ချုပ်ရေးအဖွဲ့ (၃) မီးသတ်တပ်ဖွဲ့ (၄) သောက်သုံးရေရရှိရေးအဖွဲ့ (၅) နေထိုင်ရာအိမ်ယာမရှိသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ကျေးရွာသားများ အိမ်မြေနေရာစီစဉ်ပေးရေးအဖွဲ့

(၆) လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၇) အားကစားဖွံ့ဖြိုးတိုးတက်ရေးအသင်း (၈) ကျောင်းအကျိုးတော်ဆောင်ကော်မတီ စသည် အဖွဲ့အစည်းများရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/များ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

စိုက်ပျိုးသီးနှံများအနေဖြင့် အဓိက အုန်း၊ ခရူ၊ နွေစပါး၊ မိုးစပါး များ စိုက်ပျိုးကြပါသည်။ ယခုအခါတွင် ခရူပင်နှင့်အုန်းပင်များသည် အလွန်နည်းပါးနေပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးရေ တစ်မျိုးတည်းကိုသာ အားကိုးပြီးစိုက်ပျိုး နေရသဖြင့် အခြားဒေသများလောက် အောင်မြင်ဖြစ်ထွန်းခြင်းမရှိပေ။ စပါးထွက်နှုန်းမှာ အနည်း ဆုံးတင်း(၃၀)မှ အများဆုံးတင်း(၅၀)ခန့် အထိသာ ထွက်ရှိပါသည်။ အုန်း၊ ခရူ၊ စပါးမှ လွဲ၍ အခြားသီးနှံများ စိုက်ပျိုး၍ မရပါ ။ ရွံ့နှုန်းမြေအမျိုးအစားဖြစ်၍ အငံဓါတ်နှင့်အချဉ်ဓါတ်သာရှိသောကြောင့် အခြားသီးနှံများစိုက်ပျိုး၍ မအောင်မြင်ပါ ။

(ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျေးရွာတွင် နွား၊ ဆိတ်နှင့် ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စားကျက်မြေကျယ်ပြန့်စွာမရှိခြင်း၊ ဈေးကွက်မရှိခြင်းများကြောင့် စီးပွါးဖြစ် အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(ဂ) ငါးလုပ်ငန်း

ချောင်းဝကျေးရွာတွင် ရေငံငါးဖမ်းလုပ်ငန်းများဖြစ်သော ပိုနှင့်စန္ဒားများသာ အဓိက လုပ်ကိုင်ကြပါသည်။ ယခုအခါတွင် သားငါးရှားပါးမှုကြောင့် အရှုံးနှင့်သာအများအားဖြင့် ရင်ဆိုင် နေရပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင်း အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည် ဆိုင်၊ ဆံညှပ်၊ အရက်ဆိုင်၊ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ စက်ပြင်၊ ပိုက်ဖာ၊ လှေပြင် နှင့် ပို့ဆောင်ရေးဝန်ဆောင်မှုတို့ကို လုပ်ကိုင်ကြသည်။ ထိုဝန်ဆောင်မှုလုပ်ငန်းများမှာ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်ကြပါသည်။ ကျပန်းလုပ်သားများသည် အများအားဖြင့် ဝင်ငွေရရှိရန်

ရာဘာခြစ်ခြင်း၊ ရေလုပ်ငန်းလုပ်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ရှိသည်။

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချောင်းဝကျေးရွာတွင် (၂၀၁၅-၂၀၁၆) ခု ဘဏ္ဍာရေးနှစ်မှစ၍ ယနေ့အချိန်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သိန်း(၃၀၀)အား အတိုးနှုန်း(၁.၅)ရာခိုင်နှုန်းဖြင့် မတည်၍ လုပ်ငန်းအမျိုး အစားအလိုက် ချေးငွေထုတ်ချေးပေးပါသည်။ ပြင်ပအတိုးနှုန်းများမှာ( ၁၅%၊ ၁၀%၊ ၅%) စသည့် နှုန်းထားများရှိသော်လည်း မြစိမ်းရောင်စီမံကိန်းရှိနေခြင်းကြောင့် ကျွန်ုပ်တို့ရွာ၏ အသက်မွေး ဝမ်းကျောင်းမှာ အခက်အခဲများစွာရှိသော်လည်း အနည်းငယ်အဆင်ပြေလာသည့် အနေအထားတွင် ရှိပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ချောင်းဝကျေးရွာသည် ပင်လယ်ကမ်းရိုးတန်းကျေးရွာ ဖြစ်သောကြောင့် စက်လှေများအတင့်သင့်ပိုင်ဆိုင်ကြသော်လည်း သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်လှေအသုံးပြုခြင်းမရှိပေ။ မြို့မှ ပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် အငှါးဆိုင်ကယ်၊ သုံးဘီးများဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ ချောင်းဝကျေးရွာတွင် လုပ်ငန်းရှင်အချို့သာ ကားအသုံးပြု၍ သယ်ယူပို့ဆောင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ချောင်းဝကျေးရွာတွင် မဟာဓါတ်အားလိုင်းမရရှိသေးပါ။ ပြီးခဲ့သည့်နှစ်တွင် ကျေးရွာသို့ လမ်းမီးတိုင်များ၊ မီးကြိုးများတပ်ဆင်တပ်ဆင်ထားပြီးဖြစ်ပါသည်။ ကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်မီးလင်းရေးမှ ဆိုလာအလုံး(၇၀)ခန့် လှူဒါန်းပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင်လည်း ကျေးရွာမှ ၁၀% ပါဝင်မှုဖြင့် ဆိုလာအလုံး(၆၀)ခန့်ရရှိခဲ့ပါသည်။ အများသုံး ပုဂ္ဂလိကပိုင် မီးစက်(၁)လုံးရှိပြီး နံနက်(၅:၀၀)မှ(၉:၃၀)အထိ ညနေ(၅:၃၀)မှ(၁၀:၃၀)အထိ မီးပေးဝေရေးဆောင်ရွက်လျက်ရှိပြီး မီတာခအား ယနေ့ဒီဇယ်ပေါက်စျေးနှုန်းအတိုင်း ပေးဆောင်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ချောင်းဝကျေးရွာတွင် ကျေးရွာသူကျေးရွာသားအားလုံးနီးပါး ဖုန်းပိုင်ဆိုင်ကြပြီး ကော့သောင်းမြို့နှင့် (၇)မိုင်ခန့်သာ ကွာဝေးသောကြောင့် ဆက်သွယ်ရေးကောင်းမွန်လှပါသည်။ နေ့စဉ်ထုတ်သတင်းစာ၊ နှင့် ဂျာနယ်များလည်းလက်လှမ်းမီမှုရှိပါသည်။

## ၆။ ပညာရေး

ချောင်းဝကျေးရွာတွင် မူကြိုကျောင်း(၁)ကျောင်းနှင့် မူလွန်ကျောင်း(၁)ကျောင်းရှိပါသည်။ ကျောင်းသားဦးရေ(၂၀၀) ကျော်ခန့် ရှိပါသည်။ ကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအပါအဝင် ဆရာ/ဆရာမ(၁၁)ဦးရှိ ပြီး လုပ်အားပေးဝန်ထမ်း(၁)ဦး ရှိပါသည်။ ကျောင်းတွင် မိဘဆရာ အသင်း၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့များဖွဲ့၍ ကျေးရွာ၏ကျောင်းပညာရေးအခြေအနေ ကို တိုးတက်အောင်ဆောင် ရွက်လျက်ရှိပါသည်။ လက်ရှိကျောင်းသားဦးရေနှင့် ကျောင်း ဆောင်လုံလောက်မှုမရှိပါ။ ၂၀၁၆-၂၀၁၇ ပညာရေးနှစ်မှစတင်၍ ကျေးရွာသူ/ကျေးရွာသား များစုပေါင်း၍ (၅၀'×၃၀') ကျောင်းဆောင်သစ်ဆောက်လုပ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင်လည်း နိုင်ငံတော်အစိုးရမှ ပြင် ဆင်စရိတ်(၄၆)သိန်း အား ထပ်မံအားဖြည့်ပေးခဲ့ပါသည်။ သို့ရာတွင် အဆောက်အဦများ သည် နှစ်ကာလကြာမြင့်ခြင်း၊ နှစ်စဉ်ကျောင်းသားဦးရေတိုးလာခြင်း တို့ကြောင့် ကျောင်းဆောင်များ လုံလောက်ခြင်းမရှိပေ။ ကျောင်းအိမ်သာများလုံလောက်စွာရှိ သော်လည်း ရေမလုံလောက်သောကြောင့် ကောင်းစွာအသုံးမပြုနိုင်ပေ။

## ၇။ ကျန်းမာရေး

ချောင်းဝကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခုရှိပြီး သားဖွားဆရာမတစ်ဦးရှိပါသည်။ အချိန်ပိုင်း ပုဂ္ဂလိကဆေးခန်း(၂)ခန်းလည်းရှိပါသည်။ မကြာခဏ တပ်မတော်ကုတင်(၁၀၀)စစ်ဆေး ရုံမှလည်း အခမဲ့စမ်းသပ်ကုသမှုများ လာရောက်ပြုလုပ်ပေးပါသည်။ ဆေးခန်းတွင် ရာသီအလိုက် ရောဂါများ အနည်းအကျဉ်းဖြစ်ပွါးသည်ကို ပြသပြီး ကျန်အရေးပေါ်ရောဂါများအား ကော့သောင်း ပြည်သူ့ဆေးရုံနှင့် တပ်မတော်ကုတင်(၁၀၀)စစ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကာကွယ် ဆေးများကိုလည်း လအလိုက်၊ နှစ်အလိုက် အကြိမ်ကြိမ် စနစ်တကျလာရောက်ထိုးပေးကြပါသည်။ လက်ရှိအနေအထားထက် ပိုမိုအားကောင်းစေသော အသိပညာပေးဆွေးနွေးပွဲ စာစောင်စသည်များ ကို အချိန်များများဆောင်ရွက်ပေးစေချင်ပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ချောင်းဝကျေးရွာသည် ပင်လယ်ကမ်းစပ်ရွာတစ်ရွာဖြစ်ပြီး ရွာ၏ပတ်ဝန်းကျင်တွင် ဒီရေ တောများ ဝန်းရံလျှက်ရှိပါသည်။ ယခုအခါတွင် ဒီရေတောများကို ထင်းအဖြစ်အသုံးပြုခြင်း၊ အုန်းခြံ စိုက်ပျိုးခြင်း၊ လယ်ယာမြေဖော်ထုတ်ခြင်းများကြောင့် မရှိသလောက်ရှားပါးပြုန်းတီးလာနေကြောင်း တွေ့ရှိရပါသည်။ ၎င်းဒီရေတောများ ပြုန်းတီးလာမှုကြောင့် လေပြင်းတိုက် ခတ်မှုဒဏ် ပိုမိုခံရခြင်း၊ မြေနိမ့်ကျမှုများဖြစ်လာခြင်း၊ ပင်လယ်ရေငံဝင်ခြင်းကြောင့် ရွာအတွင်းရှိ လမ်း၊တံတားများ ပျက်စီး လာခြင်း စသည့် ဆိုးကျိုးများဖြစ်ပေါ်လာပါသည်။ယခုအချိန်တွင် ချောင်းဝကျေးရွာသည် သဘာဝ ဘေးအန္တရာယ်များကျရောက်လာပါက အထိခိုက်အပျက်စီး ဆုံးရှုံးမှုများ ပိုပြီးဖြစ်ထွန်းနိုင်ခြေရှိပါ သည်။ ထိုသို့သော အခြေအနေများကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေး ရွာသူ ကျေးရွာသားများပူးပေါင်းပါဝင်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဒီရေတောအပင်များ အစားထိုးအသစ်ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်နေပါသည်။

### ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ချောင်းဝကျေးရွာသည် အမျိုးသမီးများ ရပ်ရေးရွာရေးတွင် ပါဝင်မှုအလွန်အားကောင်းပါသည်။ ပိုမိုတိုးတက်လာစေရန် အမျိုးသားများနှင့်တန်းတူ လုပ်ကိုင်ခွင့်ရရှိရန်လွန်အပ်ပါသည်။ အခြား အကြမ်းဖက်ကိစ္စရပ်များနှင့်ပတ်သက်၍ မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ရွှေပြည်စိုးကျေးရွာအုပ်စု | | | ကျေးရွာအမည် - ချောင်းဝကျေးရွာ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြုလုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | • ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့် အစီအစဉ်များ လုပ်ဆောင်ခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားအထောက်အကူပြုကော်မတီများ စနစ်တကျဖွဲ့စည်းခြင်း။<br>• ခေါင်းဆောင်မှုသင်တန်း၊ စာရင်းကိုင်သင်တန်းများဖွင့်လှစ်ပေးခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | • စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင်ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | • စက်ကိရိယာများ အရစ်ကျဝယ်ယူ/ငှါးရမ်းချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ၄ | မွေးမြူရေးနှင့်ငါးလုပ်ငန်း | နည်းပညာ | • တိရိစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း။<br>• ခေတ်မီမွေးမြူရေးစနစ်များရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၅ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားကုန်ထုတ်လုပ်ငန်း | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | • စက်ရုံ၊ အလုပ်ရုံ၊ အိမ်တွင်းစက်မှုလုပ်ငန်းများ ရရှိရေး။ | |
| ၆ | ငွေကြေး | အသေးစား | • လုပ်ငန်းအလိုက်ကျစ်လစ်ခိုင်မာသည့် ငွေကြေးဆိုင်ရာ အစုအဖွဲ့များ ဖွဲ့စည်းပြုစုပျိုးထောင်ပေးခြင်း။ | |

| | | | | |
|---|---|---|---|---|
| ၇ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | • ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုရရှိရန် ဆောင်ရွက်ခြင်း။<br>• ကျန်းမာရေးအကျိုးဆောင်အဖွဲ့ဖွဲ့၍ ရာသီအလိုက် ရောဂါများ ကြိုတင်ကာကွယ်နှိုးဆော်ခြင်းများ ပြုလုပ်ခြင်း။<br>• ကျန်းမာရေးပညာပေးသင်တန်းများ ဖွင့်ပေးခြင်း။<br>• ရေကောင်းရေသန့်ရရှိရေးနှင့်ယင်လုံအိမ်သာသုံးစွဲလာစေရန် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | • ကျောင်းသားဦးရေများပြားလာခြင်းကြောင့် ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာရရှိရေး။ | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | • လမ်းတံတားများ အဆင့်မြှင့်တင်ခြင်း။ | |

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - ချောင်းဝကျေးရွာ |
| ကျေးရွာအုပ်စု | - ရွှေပြည်စိုးကျေးရွာ |
| မြို့နယ် | - ကော့သောင်းမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီတိုင်းဒေသကြီး |
| စီမံချက်အမည် - စာသင်ကျောင်းဆောင်သစ်(၁)ဆောင်တည်ဆောက်ခြင်း(၃၀'× ၃၀'×၁၂ ') | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br><br>ယခင်မူလတန်းကျောင်းမှ မူလွန်ကျောင်းအဖြစ် အဆင့်မြှင့်တက်သွားခြင်းကြောင့် ကျောင်းသားဦးများပြားလာကာ ကျောင်းဆောင်မလုံလောက်ခြင်း၊ လက်ရှိ ကျောင်းဆောင်များ ဟောင်းနွမ်းယိုယွင်းလာခြင်း။ | |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br><br>• ကျောင်းသားများဘေးကင်းလုံခြုံစွာပညာသင်ကြားနိုင်စေရန်။<br>• ကလေးများ ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းဖြစ်လာစေရန်။<br>• ပညာတတ်များပိုမိုများပြားလာစေရန်။ | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br><br>ကျောင်းအဆောက်အအုံပြည့်စုံစွာ ပံ့ပိုးပေးခြင်းကြောင့် ကလေးများဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ခြင်း။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br><br>စာသင်ကျောင်းဆောင်သစ်(၁)ဆောင် (၃၀'× ၃၀'×၁၂ ') တည်ဆောက်ခြင်း၊ ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ပုံစံအတိုင်းဆောက်လုပ်သွားပါမည်။ | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ကျပ်သိန်း(၁၀၀)(ငွေသား) | • ကျေးလက်/ဦးစီး - ကျပ်သိန်း(၁၀၀)<br>• ကျေးရွာ - လုပ်အား |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၄၆ | ၅၈၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၄၆ | ၅၈၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်မည်။ |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - (၅.၈.၂၀၁၈) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - (၃၀.၈.၂၀၁၈) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။ လိုအပ်ပါက လိုအပ်သလို အချိန်နှင့်တပြေးညီပြီးစီးမှုရှိအောင် သက်ဆိုင်ရာအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• ကျောင်းမိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အသင်းများဖွဲ့စည်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကျောင်းသားမိဘများနှင့် ပူးပေါင်းဆောင်ရွက်မည်။<br>• လုပ်ငန်းပြီးစီးလျှင် သက်ဆိုင်ရာဦးစီးဌာနသို့ အထောက်အထားပြည့်စုံစွာနှင့်တကွ ပြီးစီးကြောင်းအစီရင်ခံစာ ပေးပို့ရပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ - ချောင်းဝ<br>ကျေးရွာအုပ်စု - ရွှေပြည်စိုး<br>မြို့နယ် - ကော့သောင်း<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး | |
| စီမံချက်အမည် - ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်း (၂၇ဝ'×၁၅ ')။ | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br><br>လက်ရှိကျေးရွာအဝင်ဝတံတားငယ်မှ ရွာထဲအဝင်လမ်းအပိုင်းသည် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ပင်လယ်ရေတက်ရက်များတွင် လမ်းအမြင့်ပေ အထက် ၂' မှ ၄' အထိ ရေငံများဝင်ရောက်၍ မြင့်တက်လာခြင်းကြောင့် သွားလာရေးအခက်အခဲဖြစ်ပါသည်။ | |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br><br>• ကျေးရွာသို့သွားရေးလာရေးအဆင်ပြေစေရန်။<br>• ကျောင်းသားများပညာသင်သွားရာတွင် သွားလာရေးအဆင်ပြေလွယ်ကူချောမွေ့စေရန်။<br>• ရွာသားများ သဘာဝဘေးအန္တရာယ်ကြုံပါက အချိန်မီသွားလာရေးလွယ်ကူစေရန်။ | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)<br><br>လမ်းကောင်းမွန်လာခြင်းကြောင့် ရွာသားများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေခြင်း၊ လူနေမှုအဆင့်အတန်း ထိုက်သင့်သလောက် ကောင်းမွန်အဆင်ပြေလာမည်။ ကျောင်းသားများ ပညာသင်ကြားရာတွင် အလွယ်တကူသွားလာနိုင်မည်။ သဘာဝဘေးအန္တရာယ်ကြုံပါက အချိန်မီသွားလာဆောင်ရွက်နိုင်မည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br><br>ကျေးရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်း (၂၇ဝ'×၁၅ ') | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • (ငွေသား) | • ကျေးလက်/ဦးစီး - ကျပ်သိန်း(၁၀၀)<br>• ကျေးရွာ - လုပ်အား |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၆၄၆ | ၅၈၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၄၆ | ၅၈၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မည်။

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -

(၃) စီမံချက်ပြီးစီးမည့်အချိန် -

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။ လိုအပ်ပါက လိုအပ်သလို အချိန်နှင့် တပြေးညီပြီးစီးမှုရှိအောင် သက်ဆိုင်ရာအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာသားများအား အစည်းအဝေးခေါ်ယူ၍ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်မည်။
- ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းမည်။
- ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းမည်။
- လုပ်ငန်းပြီးစီးလျှင် သက်ဆိုင်ရာဦးစီးဌာနသို့ အထောက်အထားပြည့်စုံစွာနှင့်တကွ ပြီးစီးကြောင်းအစီရင်ခံစာ ပေးပို့ရပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

ကျေးရွာ - ချောင်းဝ

ကျေးရွာအုပ်စု - ရွှေပြည်စိုး

မြို့နယ် - ကော့သောင်း

တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး

---

စီမံချက်အမည် - ကျေးရွာတွင်းရွာလယ်လမ်းမြေသားလမ်းအားကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း(၇၀၀'×၁၅ ')။

---

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျေးရွာအတွင်းရှိ လမ်းမြေများသည် သဲဆန်သောမြေများဖြစ်သောကြောင့် မိုးရွာလျှင်သော်လည်းကောင်း၊ ရေင်များဝင်ရောက်၍ ပြန်လည်ကျသွားသောအချိန်တွင်လည်းကောင်း ရေနှင့်အတူ မျောပါသွားသဖြင့် ချိုင့်များဖြစ်ပြီးရေအိုင်များအဖြစ်များစွာရှိနေပါသည်။

---

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာတွင်း သွားလာရေးလွယ်ကူစေရန်။
- ကျောင်းသားများပညာသင်သွားရာတွင် သွားလာရေးအဆင်ပြေလွယ်ကူချောမွေ့စေရန်။
- ရွာသားများ သဘာဝဘေးအန္တရာယ်ကြုံပါက အချိန်မီသွားလာရေးလွယ်ကူစေရန်။

---

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

လမ်းကောင်းရခြင်းကြောင့် ရွာသားများသွားလာရေးလွယ်ကူစေသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်သည်။

---

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

လက်ရှိသဲမြေများအပေါ်တွင် မြေသားများနှင့် ကျောက်များခင်းကြိတ်ကာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားပါမည်။ အတိုင်းအတာအားဖြင့် (၇၀၀'×၁၅ ') ဆောင်ရွက်ပါမည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • | • ကျေးလက်/ဦးစီး - ကျပ်သိန်း(၁၀၀)<br>• ကျေးရွာ - လုပ်အား |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၆၄၆ | ၅၉၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၄၆ | ၅၉၂ | ၁၂၃၈ | ၃ | ၁၃၀ | ၇၀ | ၅၅ | ၂၅၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br><br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မည်။ |
|---|
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br><br>ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။ လိုအပ်ပါက လိုအပ်သလို အချိန်နှင့် တပြေးညီပြီးစီးမှုရှိအောင် သက်ဆိုင်ရာအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ<br><br>• ကျေးရွာသားများအား အစည်းအဝေးခေါ်ယူ၍ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်မည်။<br>• ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းမည်။<br>• ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းမည်။<br>လုပ်ငန်းပြီးစီးလျှင် သက်ဆိုင်ရာဦးစီးဌာနသို့ အထောက်အထားပြည့်စုံစွာနှင့်တကွ ပြီးစီးကြောင်းအစီရင်ခံစာ ပေးပို့ရပါမည်။ |

နောက်ဆက်တွဲ (၁)

ချောင်းဝ ကျေးရွာ၊ ရွှေပြည်စိုး ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်ဝင်းနိုင် | ဦးအောင်ထွန်းမြ | ၆/မပတ(နိုင်)002028 | | ဥက္ကဌ | 09421132887 |
| ၂ | ဦးကျော်ကျော် | ဦးတင်လှိုင် | ၆/ကသန(နိုင်)072005 | | အတွင်းရေးမှူး | 09250619550 |
| ၃ | ဦးဖြိုးမောင်မောင် | ဦးမောင်ကြီး | ၆/ကသန(နိုင်)058262 | | ဘဏ္ဍာရေးမှူး | 09450758086 |
| ၄ | ကိုသက်ဦး | ဦးညွန့်ရွှေ | | | စာရင်းကိုင် | 09452205212 |
| ၅ | ဦးကျော်လှ | | ၆/ကသန(နိုင်)040267 | | အဖွဲ့ဝင် | |
| ၆ | ဦးယုလွင် | ဦးသိန်းလွင် | ၆/ကသန(နိုင်)090290 | | အဖွဲ့ဝင် | 09422845129 |
| ၇ | ဦးအောင်ရွှေ | ဦးမောင်သိန်း | ၁၀/မလမ(နိုင်)066676 | | အဖွဲ့ဝင် | 09429886125 |
| ၈ | ဦးမင်းဦး | | ၁၀/မလမ(နိုင်)088527 | | စာရင်းစစ် | |
| ၉ | ဦးနေကြည်ဦး | ဦးနေအောင် | ၆/ကသန(နိုင်)053331 | | အဖွဲ့ဝင် | |

နောက်ဆက်တွဲ (၂)

**ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | 18 | 11 | 29 |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | 47 | 40 | 87 |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | 75 | 50 | 125 |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | 60 | 57 | 117 |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | 431 | 415 | 846 |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | 14 | 20 | 34 |
| **စုစုပေါင်း** | | **645** | **593** | **1238** |
| **စုစုပေါင်း အိမ်ထောင်စု** | | **258** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝကျေးရွာသည် ကလေးမွေးနှုန်းအလွန်နည်းပါသည်။ အကြောင်းမှာ ကျန်းမာရေး အသိအထိုက်အလျောက်ရှိခြင်း၊ စီးပွါးရေးကျပ်တည်းခြင်း၊ ခေတ်မီဆေးဝါးများ လက်လှမ်းမီခြင်းကြောင့်ဖြစ်ပါသည်။ ရွာတွင် ကျောင်းသားပေါင်း(၂၀၀)ကျော်ရှိပြီး ကျောင်းဆောင်မလုံလောက်ပါ။ အလုပ်လုပ်နိုင်သူ(၈၀၀)ကျော်ရှိပြီး များသောအားဖြင့်လက်လုပ်လက်စားများပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့** | **ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း)** | **ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်)** |
|---|---|---|---|---|
| လယ်မြေ | ၆၇ | ညံ့ | မရ | - |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၁၂၆ | သင့် | အနည်း | စိမ့်စမ်း |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၂၂၃ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား- ဆည်၊မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝရှိလယ်မြေများသည် မိုးရေတစ်မျိုးတည်းနှင့် စိုက်ပျိုးရခြင်းဖြစ်သည်။ ရေငံများဝင်ရောက်မှုများရှိသဖြင့် မြေဆီလွှာများညံ့ဖျင်းကာ စပါးများအထွက်ရာခိုင်နှုန်း အလွန်နည်းပါသည်။ စပါးမျိုးနှင့်နည်းပညာထောက်ပံ့မှုနည်းပါးခြင်း ကျွမ်းကျင်အလုပ်သမားရှားပါးခြင်း၊ ပြန်လည်ရောင်းချရန် ဈေးကွက်မရှိခြင်းနှင့် ကြုံတွေ့နေပါသည်။

### (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | - | - |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်၊** ။ ချောင်းဝကျေးရွာအနီးတွင် ရှိသော သဲကုန်းများကို ကိုယ်ကျိုးရှာသူတစ်ချို့က နည်းမျိုးစုံနှင့်သဲထုတ်ယူမှုများစွာဖြစ်ပေါ်နေပါသည်။ ယခုအခါတွင် သဲကုန်းများကုန်ဆုံးသွားပြီး သဲထုတ်ယူရန် အခက်တွေ့လာပါသည်။ ၎င်းသဲထုတ်နေရာများတွင် ချိုင့်ဝှမ်းများဖြစ်ကာ ရေငံများဝင်ရောက်နေပါသည်။ ဤလုပ်ငန်းများသည် ချောင်းဝကျေးရွာအတွက် မည်သည့်အကျိုးရလဒ်များမရှိဘဲ သဘာဝပတ်ဝန်းကျင်များသာပျက်စီးဆုံးရှုံးခဲ့ရပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | မြစိမ်းရောင် | ၁✓ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အလွန်ကောင်း |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၂ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | အလွန်ကောင်း |
| ၃ | မီးသတ် | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | အားနည်း |
| ၄ | အမျိုးသမီး | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အသင့်တင့်ရှိ |
| ၅ | မိခင်နှင့် ကလေး | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အသင့်တင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၆ | ဝေါဒီးရှင်း | ၁☐ ၂✓ ၃☐ | ပညာရေး ✓ ငွေကြေး ✓ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အသင့်တင့်ရှိ |
| ၇ | ယူနီဆက် | ၁☐ ၂✓ ၃☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အားနည်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝကျေးရွာတွင် မြစိမ်းရောင်ချေးငွေအသင်းနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်း(၂)ခုသာ အားကောင်းပြီး ကျန်အဖွဲ့များသည်အားအလွန်နည်းပါသည်။ အမျိုးသမီးအဖွဲ့သည် စွမ်းဆောင်ရည် အသင့်တင့်ရှိပြီး လူငယ်နှင့်ကိုယ်ထူကိုယ်ထ အဖွဲ့များသည် အားအလွန်နည်းပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | - | အသင့်တင့် ရှိ | နည်း | အလွန်(နည်း)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်တင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်တင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွါး(ဝင်ငွေ) အလွန်ကောင်း | စီးပွါး(ဝင်ငွေ) အသင့်တင့် | စီးပွါး(ဝင်ငွေ) နည်း | စီးပွါး(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၃** | **၁၃၀** | **၇၀** | **၅၅** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝကျေးရွာတွင် လုပ်ငန်းရှင်အလွန်နည်းပြီး ဝင်ငွေအသင့်တင့်ရှိသော အိမ်ထောင်စုနှင့် မပြေလည်သော အိမ်ထောင်စုသာများပါသည်။ ရွှေပြောင်းအိမ်ထောင်စု အသင့်တင့်ရှိပြီး လုပ်ငန်းရှင်များက ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကြေးအများဆုံးကူညီပေးပြီး ဝင်ငွေအသင့်တင့်ရှိသော အိမ်ထောင်စုများက ငွေကြေးအနည်းငယ်နှင့် လုပ်အားကူညီပေးပြီး မပြေလည်သော အိမ်ထောင်စုများသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်အားသာကူညီပေးနိုင်ပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေ အတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေ အတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ ဟတ်တာထိ) | | | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧက အထက် (၅ ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………………

………………………………………………………………………………………………..

………………………………………………………………………………………………..

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၉၇ | တင်း | ၃၅ | ၄၀ | | နည်း |
| ခရူ | ၂၃ | ပိဿာ | ၁၅၀ | ၂၀၀ | | နည်း |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝကျေးရွာလယ်မြေများသည် မိုးရေတစ်မျိုးတည်းသာ အသုံးပြု စိုက်ပျိုးခြင်းဖြစ်သည်။ ရံဖန်ရံခါ ရေငံများဝင်ရောက်မှုရှိပါသည်။ လွန်ခဲ့သော(၃)နှစ်ခန့်က နိုင်ငံတော်မှ တာတမံများ အသစ်တည်ဆောက်ပေးခဲ့ပါသည်။ သို့သော်ကျေးရွာရှိ လယ်သမားများသည် လုပ်ငန်းအောင်မြင်ဖြစ်ထွန်းခြင်းမရှိပါ။ အဓိကမျိုးစပါးမကောင်းခြင်း၊ မြေဆီလွှာများညံ့ဖျင်းခြင်း၊ ခရုပိုးကျခြင်း၊ ချေးငွေ အချိန်မီမရခြင်း၊ နည်းပညာအားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ ပြန်လည်ရောင်းချရန်ဈေးကွက်မရှိခြင်းကြောင့် ဖြစ်ပါသည်။ ချောင်းဝကျေးရွာရှိ သဲမြေများသည် ခရုပင်နှင့်အုန်းပင်မှလွဲ၍ တစ်ခြားသီးနှံပင်စိုက်ပျိုး၍ မအောင်မြင်ပါ။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၈ | ၁၀၈ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၁၂ | ၈၇ |
| သိုး | - | - |
| ဝက် | ၁၃ | ၆၆ |
| ကြက် | ၆၇ | ၅၉၉ |
| ဘဲ | ၁၇ | ၁၄၉ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၁၁၃ | စက်လှေ(၇၆)စီး |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ချောင်းဝကျေးရွာသည် တစ်နိုင်တစ်ပိုင်မွေးမြူသူများ အနည်းငယ်ရှိပြီး ပင်လယ်ငါးဖမ်းခြင်းသာ အဓိကထားလုပ်ကိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် တိရိစ္ဆာန်များစားရန် စားကျက်မြေများမရှိခြင်း၊ ရောဂါများဝင်နေခြင်း၊ မြေနေရာရှားပါးခြင်း၊ အစာကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ နည်းပညာအားနည်းခြင်း၊ ပြန်လည်ရောင်းချရန်ဈေးကွက်မရှိခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | နည်း | နည်း | သင့် | လတ် |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | ၁-၂ | နည်း | သင့် | လတ် |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နည်း | သင့် | နည်း | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | ၁-၅ | နည်း | နည်း | နိမ့် |

| | | | | | |
|---|---|---|---|---|---|
| | သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | များ | များ | သင့် | သင့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | နည်း | နည်း | နည်း | နိမ့် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | သင့် | သင့် | သင့် | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ) | ၁-၅ | နည်း | သင့် | လတ် |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | နည်း | နည်း | နိမ့် |
| ၁၃ | ကျန်းမာရေး | ၃ | နည်း | သင့် | လတ် |
